(주) 나이스웨이
NICEWAY CO.,LTD.
620, 12 Floors, Yangcheon-ro, Gangseo-gu, Seoul, Republic of Korea. (ZIP : 1207)

Tel : +82 2 3663 8211, Fax : +82 2 3664 7211
Email: nicewaykorea@niceway-korea.com

# “ လုပ်ငန်းအကြံပေးဆွေးနွေးခြင်းဆိုင်ရာ သဘောတူစာချုပ်”

နေ့စွဲ ။ ။ ………………………

မောင်/မ ……………………………… (ဘ) ………………………… Passport နံပါတ် ………………………………… ဗီဇာအမျိုးအစား ……………………… ၊ ID နံပါတ် ……………………… ကိုင်ဆောင်ထားသူသည် တောင်ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်အတွက် တောင်ကိုရီးယားနိုင်ငံ Room 1207, 12th floor, 620 Yangcheon-ro, Gangseo-gu, Seoul (Deungchon-dong, Jiwa In Apartment Business Center) တွင် တရားဝင်ဖွင့်လှစ်ထားသော Nice Way Co.,Ltd (Company Registration No : 845-86-03189) သို့ လုပ်ငန်းအကြံဉာဏ်တောင်းခံ၍ ဆွေးနွေးတိုင်ပင်ခြင်းဖြစ်ပြီး အောက်ဖော်ပြပါ လုပ်ငန်းစဉ်စည်းကမ်းချက်များကို သိရှိလိုက်နာပါမည် -

၁။ Nice Way Co.,Ltd (Korea) လုပ်ငန်း အကြံဉာဏ်တောင်းခံ၍ ဆွေးနွေးတိုင်ပင်ခြင်း ပြုလုပ်လျှင် လုပ်ငန်းဆွေးနွေး တိုင်ပင်ခ ကိုရီးယားဝမ် ၆၀၀,၀၀၀ ဖြစ်ပါသည်။ လုပ်ငန်းဆွေးနွေးတိုင်ပင်ခ ကိုရီးယားဝမ် ၆၀၀,၀၀၀ မှ Deposit အနေဖြင့် ကိုရီးယားဝမ် ၁၀၀,၀၀၀ ကို ကနဦးပေးသွင်းပြီး ပေးသွင်းပြီးနေ့ရက်မှစတင်၍ လုပ်ငန်းအကြံပေး ဆွေးနွေးတိုင်ပင်ခြင်း အကျုံးဝင်မည်ဖြစ်သည်။

၂။ လုပ်ငန်းဆွေးနွေးတိုင်ပင်ပြီး (၁) လ အတွင်း Nice Way Co.,Ltd (Korea) မှ အကြောင်းပြန်ပေးမည်ဖြစ်ပြီး (၁) လ အတွင်း လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန် ကူညီပေးပါမည်။

၃။ လုပ်ငန်းရှင်များသို့ မိတ်ဆက်ပေးရန် CV Form ပြင်ဆင်ရာတွင် လုပ်ငန်းဆွေးနွေး တိုင်ပင်သူသည် ကုမ္ပဏီမှ တောင်းခံသည့် အချက်အလက်များ ပြည့်စုံအောင် ဖြည့်စွက်ပေးရမည်ဖြစ်ပြီး အချက်အလက် ပြည့်စုံမှုရှိလျှင် Interview ဝင်ရမည့် ကုမ္ပဏီနှင့် မိတ်ဆက်ပေးမည် ဖြစ်သည်။

၄။ Nice Way Co.,Ltd (Korea) သည် လူတွေ့ Interview ဝင်ရမည့် ကုမ္ပဏီ၏ အချက်အလက်၊ လစာနှင့် လုပ်ရမည့် အလုပ်တာဝန်များကို လုပ်ငန်းဆွေးနွေးတိုင်ပင်သူထံသို့ ကြိုတင် အကြောင်းကြားပေးမည် ဖြစ်သည်။

၅။ လုပ်ငန်းဆွေးနွေးအကြံပေးသည့် Nice Way Co.,Ltd (Korea) မှ မိတ်ဆက်ပေးသော အလုပ်၏ လူတွေ့ Interview ဝင်ရောက်ပြီး အလုပ်ရရှိသောအခါမှသာ လုပ်ငန်းဆွေးနွေးတိုင်ပင်ခ ကိုရီးယားဝမ် ၆၀၀,၀၀၀ အနက်မှ ကျန်ရှိသော ကိုရီးယားဝမ် ၅၀၀,၀၀၀ ကို လုပ်ငန်းဆွေးနွေးတိုင်ပင်ခအဖြစ် ကောက်ခံပါမည်။ သို့မှသာလျှင် အလုပ်စာချုပ်ချုပ်ဆိုနိုင်ရန် ကူညီပေးမည် ဖြစ်သည်။

၆။ လုပ်ငန်းဆွေးနွေးအကြံပေးသည့် Nice Way Co.,Ltd (Korea) မှ အလုပ်များ မိတ်ဆက် အကြောင်းကြားပေးသော်လည်း လုပ်ငန်းဆွေးနွေးတိုင်ပင်သူသည် (၁) လ အတွင်း အလုပ် Interview မဝင်ပဲ ဆက်တိုက် ငြင်းပယ်နေပါက Deposit ပေး သွင်းထားသည့်ငွေ ကိုရီးယားဝမ် ၁၀၀,၀၀၀ ကို ပြန်အမ်းပေးမည်မဟုတ်ကြောင်း လုပ်ငန်းဆွေးနွေးသူဘက်မှ သိရှိထားရပါမည်။

(주) 나이스웨이
NICEWAY CO.,LTD.
620, 12 Floors, Yangcheon-ro, Gangseo-gu, Seoul, Republic of Korea. (ZIP : 1207)

Tel : +82 2 3663 8211, Fax : +82 2 3664 7211
Email: nicewaykorea@niceway-korea.com

၇။ လုပ်ငန်းဆွေးနွေးအကြံပေးသည့် Nice Way Co.,Ltd (Korea) မှ လုပ်ငန်းဆွေးနွေးတိုင်ပင်သူအား အလုပ်များ မိတ်ဆက်ပေးသည့်အခါ လူတွေ့ Interview တစ်ကြိမ် ဝင်ရောက်တိုင်း ကိုရီးယားဝမ် ၁၀၀,၀၀၀ (Non-refundable) စီ ကောက်ခံသွားမည်ဖြစ်သည်။ ပထမတစ်ကြိမ် Interview ဝင်ရောက်သည့်အခါ လုပ်ငန်းရှင်ဘက်မှ အဆင်မပြေလျှင်သော်လည်းကောင်း ၊ လုပ်ငန်းဆွေးနွေးတိုင်ပင်သူဘက်မှ အဆင်မပြေလျှင်သော်လည်းကောင်း Nice Way Co.,Ltd (Korea) သည် အလုပ်ထပ်မံမိတ်ဆက်ပေးမည်ဖြစ်ပြီး နောက်ထပ် Interview တစ်ကြိမ် ဝင်ရောက်တိုင်း ကိုရီးယားဝမ် ၁၀၀,၀၀၀ (non-refundable) ကောက်ခံသွားမည်ဖြစ်သည်။

၈။ လုပ်ငန်းဆွေးနွေး အကြံပေးသည့် Nice Way Co.,Ltd (Korea) သည် လုပ်ငန်းဆွေးနွေးတိုင်ပင်သူအတွက် လူတွေ့ Interview ချိန်းဆိုပေးပြီးသော်လည်း လုပ်ငန်းဆွေးနွေးတိုင်ပင်သူမှ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်နိုင်ခြင်းမရှိပါက ကိုရီးယားဝမ် ၁၀၀,၀၀၀ ပေးဆောင်ရမည်ဖြစ်သည်။ Nice Way Co.,Ltd (Korea) သည် လုပ်ငန်းဆွေးနွေးတိုင်ပင်သူ အလုပ်ရရှိသည်အထိ လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

၉။ လုပ်ငန်းဆွေးနွေးတိုင်ပင်သူသည် အလုပ်ရရှိပါက ရိုးသားကြိုးစားစွာဖြင့် မိမိ၏ အလုပ်တာဝန်များကို တာဝန်ကျေပွန်စွာ လုပ်ဆောင်မည် ဖြစ်သည်။ ကိုရီးယားနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့များကို သိရှိနားလည်ရမည်။ လုပ်ငန်းခွင်ရှိ အထက်လူကြီး၊ လုပ်ဖော်ကိုင်ဖက်များကို ယဉ်ကျေးပျူငှာစွာ နှုတ်ဆက်ရမည်။

၁၀။ လုပ်ငန်းခွင်ဝင်ရောက်ပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် ဝင်ရောက်နိုင်ခြင်းမရှိပါက လုပ်ငန်းဆွေးနွေးအကြံပြု မိတ်ဆက်ပေးသည့် NiceWay Co.,Ltd (Korea) သို့ အခြေအနေ အကြောင်းကြားရမည်။ အကြောင်းမကြားခြင်းကြောင့် ဖြစ်ပေါ်လာသော ကိစ္စအဝဝသည် မိမိတာဝန်သာ ဖြစ်သည်။

ဤစာချုပ်ပါ အချက်အလက်များသည် လုပ်ငန်းဆွေးနွေးတိုင်ပင်သူနှင့် လုပ်ငန်းဆွေးနွေးအကြံပေးသူ နှစ်ဦးသာ သိရှိ၍ လျှို့ဝှက်ထားရမည်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုအချက်အလက် မျှဝေခြင်းများ မပြုလုပ်ရပါ။ ခွင့်ပြုချက်မရှိပဲ မျှဝေခြင်းကြောင့် အကြောင်းကိစ္စတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အချက်အလက် မျှဝေသူအား အရေးယူပိုင်ခွင့်ရှိသည်။

**(အထက်ပါအကြောင်းအရာများနှင့်ပတ်သက်၍ လုပ်ငန်းဆွေးနွေးတိုင်ပင်သူမှ သဘောတူသိရှိနားလည်ပါသည်။)**

**လုပ်ငန်းဆွေးနွေးတိုင်ပင်သူ**

အမည် : _______________
Passport နံပါတ် : _______________
ဖုန်းနံပါတ် : _______________
လိပ်စာ : _______________

**လုပ်ငန်းဆွေးနွေးအကြံပေးသူ**

**주식회사 나이스웨이**

**NiceWay Co., Ltd (Korea)**

**Registration No : 845-86-03189**

**Managing Director**

Nice Way Co.,Ltd
N
Date ......
주식회사 나이스웨이